မြန်မာစားသုံးသူများသမဂ္ဂ
MYANMAR
CONSUMERS UNION
Safety and Rights thru Education

# စစ်တမ်းကောက်ယူရာတွင် ဖြေကြားပေးရန် စိတ်ပါဝင်စားသူများကို ဖိတ်ခေါ်ခြင်း

မြန်မာစားသုံးသူများသမဂ္ဂ (Myanmar Consumers Union) သည် မြန်မာနိုင်ငံရှိ internet နှင့် ဒီဂျစ်တယ်နည်းစနစ်ဖြင့် အသုံးပြုသူများအကြားတွင် **E-commerce** အသုံးပြုမှုနှင့် ပတ်သက်သော အသိပညာ၊ အတွေးအခေါ်၊ အပြုအမူများနှင့် ပတ်သက်ပြီး လေ့လာမှုတစ်ရပ် ပြုလုပ်မည်ဖြစ်ပါသည်။

E-commerce ဆိုသည်မှာ အီလက်ထရောနစ်နည်းပညာဖြင့်
(၁) internet မှ တဆင့် ဈေးဝယ်ခြင်း (Online shopping)၊
(၂) မိုဘိုင်းဖုံးထဲတွင် Mobile banking application ထည့်ပြီး ငွေလွှဲခြင်း (သို့) Internet banking မှ တဆင့် ငွေလွှဲခြင်း၊
(၃) ဖုံးမှ တဆင့် ငွေလွှဲခြင်း (ဥပမာ - Wave Pay, OK Pay များသုံးပြီး ငွေလွှဲခြင်း)၊
(၄) အီလက်ထရောနစ်နည်းပညာဖြင့်ငွေပေးခြင်း ငွေပေးချေခြင်း၊ မီတာခဆောင်ခြင်း၊ ဖုံးငွေဖြည့်ခြင်း၊ ငွေလွှဲခြင်း၊ MPU/ Visa/ Master ကဒ်များ အသုံးပြုပြီး ငွေပေးချေခြင်း (E-payment) ၊
(၅) အင်တာနက်မှတဆင့် မှတ်ပုံတင်ခြင်း (Online registration)နှင့်
(၆) ဖုံးနှင့် internet တို့ အသုံးပြုခြင်းတို့ ပါဝင်သည်။

ထိုလေ့လာမှုတွင် မြန်မာနိုင်ငံရှိ internet အသုံးပြုသူများအနေဖြင့် အီလက်ထရောနစ် နည်းပညာဖြင့် internet မှတဆင့် ငွေလွှဲပြောင်းခြင်းများ ပြုလုပ်ရာတွင် တွေ့ကြုံရသော အတွေ့အကြုံ၊ အခက်အခဲများနှင့် E-commerce ကို မြန်မာနိုင်ငံတွင် ပိုမိုတိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရာတွင် ပြုပြင်ပြောင်းလဲသင့်သည့် အချက်များနှင့် ပတ်သက်ပြီး အကြံဉာဏ်ပေးခြင်းများကို သုံးစွဲသူများ၊ E-commerce ကို ဝန်ဆောင်မှု ပေးနေသူများနှင့် အုပ်စုလိုက် ဆွေးနွေးခြင်း (သို့) တစ်ဦးချင်း ဆွေးနွေးခြင်း၊ မေးခွန်းလွှာများဖြင့် မေးမြန်းခြင်း (Survey) ကို ပြုလုပ်မည်ဖြစ်ပါသည်။ ပြုလုပ်မည့် နေရာများမှာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်နှင့် မော်လမြိုင်မြို့များတွင် ၁၂.၁၁.၂၀၁၈ မှ ၃၀.၁၂.၂၀၁၈ အထိ ပြုလုပ်သွားမည်ဖြစ်ပါသည်။

အောက်ပါ အချက်များနှင့် ကိုက်ညီသူများအနေဖြင့် မေးခွန်းလွှာဖြင့် မေးမြန်းရာတွင် ပါဝင်ဖြေဆိုပေးပါရန် ဖိတ်ခေါ်အပ်ပါသည်။

<u>မေးခွန်းလွှာဖြင့် မေးမြန်းရာတွင် ပါဝင်ဖြေဆိုမည့်သူအနေဖြင့် လိုအပ်သောအချက်များ</u>

- အထက်ပါ E-commerce အမျိုးအစား ၆ခုထဲမှ တမျိုးမျိုးကို အနည်းဆုံး ၃ကြိမ် (သို့) ၃ကြိမ်နှင့် အထက် အသုံးပြုဖူးသူ
- လေ့လာမှု ပြုလုပ်မည့် မြို့နယ် ၄မြို့နယ်ထဲမှ တမြို့မြို့တွင် နေထိုင်သူ
- မြန်မာနိုင်ငံ၏ E-commerce လုပ်ငန်းများကို တိုးတက်အောင် လုပ်ဆောင်ရန် စိတ်ပါဝင်စားသူ

မေးခွန်းလွှာဖြင့် မေးမြန်းရာတွင် ပါဝင်ဖြေဆိုရန် ဆန္ဒရှိသူများသည် မိမိ၏ အမည်၊ နေရပ်လိပ်စာ၊ ဆက်သွယ်ရန် ဖုံးနံပါတ်၊ Email လိပ်စာနှင့် e-commerce အမျိုးအစား ၆မျိုးထဲမှ သုံးစွဲဖူးသော e-commerce အမျိုးအစားအမည်များကို Myanmar Consumers Union MCU ၏ Facebook message box တွင် ထည့်သွင်း

စာရင်းပေးခြင်း (သို့) ဖုံး ၀၉-၈၉၂၄၅၅၆၈၃၊ ၀၉-၈၉၂၄၅၅၆၈၂ များသို့ message ပေးပို့ခြင်း (သို့) အမှတ် (၁၀၃/၁)၊ ကမ္ဘာ့အေးဘုရားလမ်း၊ ရွှေတောင်ကြား (၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက် စာရင်းပေးခြင်း စသော နည်းများထဲမှ မိမိနှစ်သက်ရာ တစ်နည်းနည်းဖြင့် စာရင်းပေးသွင်းနိုင်ပါသည်။

**ရန်ကုန်မှ ပါဝင်သူများ အနေဖြင့် (၂၅.၁၁.၂၀၁၈) နောက်ဆုံးထားပြီး စာရင်းပေးသွင်းရပါမည်။ မန္တလေး၊ နေပြည်တော်နှင့် မော်လမြိုင်မှ ပါဝင်သူများ အနေဖြင့် (၂.၁၂.၂၀၁၈) နောက်ဆုံးထားပြီး စာရင်းပေးသွင်းရပါမည်။** ပါဝင်မည့်သူများ၏ ကိုယ်ရေး အချက်အလက်များကို လေ့လာသူများအနေဖြင့် လျှို့ဝှက်ထိန်းသိမ်း ပေးထားမည် ဖြစ်ပါသည်။ ပါဝင်ကူညီမှုအတွက် ကျေးဇူးတင်ပါသည်။

လေးစားစွာဖြင့်

ဥက္ကဋ္ဌ

မြန်မာစားသုံးသူများသမဂ္ဂ